**နေရာထိုင်ခင်းထိန်းသိမ်းရေးကော်မတီ**

**အစည်းအဝေးခန်းမ။ ချီး(ခ်)ကလပ်(ခ) (Cheek-Clark) အဆောက်အအုံ**

**ဖေဖော်ဝါရီ ၂၊ ၂၀၁၂**

## ကြိုဆိုခြင်းနှင့်မိတ်ဆက်ခြင်း

မစ္စစ်လေးဟော့တ် (Ms. Lea Holt) မှအစည်းအဝေးတက်ရောက်လာသူများအားလုံးကိုကြိုဆို၍ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ တက်ရောက်လာကြသောအကြံပေးကော်မတီအဖွဲ့ဝင်များမှာ - ဗာဂျီးနီးယားဘေလေ့ဗ် (Virginia Baillif)၊ စယ်လ်ဗီယာဘလန်း (Sylvia Bland)၊ ရှောင်းကယ်လ်ဝဲလ် (Shawn Caldwell)၊ ဒေးဗစ်ဖရဲလေး (David Fraley)၊ ဂျွန်ဝီလျံ (John Williams)၊ ဂျူနီတာ ဝီလျံ (Juanita Williams)၊  အင်ဂျလာဝူးမက် (Angela Womack)၊ ဒိုနယ်လ်ရိုက် (Donald Wright) ကျော်အောင် (Kyaw Aung)၊ စောလောလမူး (Saw Lawla Moo)၊ နှင့် ဂျော့စ်ဂျိမ်း(စ) (George James) တို့ဖြစ်ပါသည်။ ထရေစီအက်နရူး (Tracy Agnew)၊ ခရစ်စတိုဖာချယ်ရွန် (Christopher Chiron) နှင့် စီမံခန့်ခွဲရေးပံ့ပိုးမှုမှ မေရီကရဲလ်ဗင် (Mary Craven) တို့လည်းတက်ရောက်ခဲ့ပါသည်။ အဖွဲ့ဝင်များအားလုံး ဇန်နဝါရီ ၅၊ ၂၀၁၂ အစည်းအဝေးမှတ်တမ်းများကိုရရှိခဲ့ပါသည်။ လေး (Lea) မှ နောက်ဆုံးပေါ်ပြက္ခဒိန်ကိုပြသ ခဲ့ပါသည်။

## အစည်းအဝေးမှတ်တမ်းများ- ဖေဖော်ဝါရီလ ၁၉၊ ၂၀၁၂ အစည်းအဝေး

လေးဟော့တ် (Lea Holt) မှ အဖွဲ့ဝင်တစ်ဦးစီကို ဇန်နဝါရီ ၁၉၊ ၂၀၁၂ အစည်းအဝေးမှတ်တမ်း၏ မိတ္တူကိုပေးအပ်သဖြင့် လူတိုင်းဆွေးနွေးရာတွင်ပါဝင်ရန်အတွက်ဖတ်ခွင့်ရခဲ့ပါသည်။ ပြန်လည်ကြည့်ရှုစစ်ဆေး ပြီးနောက်တွင် ဂျူနီတာ ဝီလျံ (Juanita Williams) ကဖတ်ရှုသည့်မှတ်တမ်းများကိုလက်ခံကြောင်းအဆိုပြုပြီး  ရှောင်းကယ်လ်ဝဲလ် (Shawn Caldwell) ကထောက်ခံခဲ့ပါသည်။ အစည်းအဝေးများကို တစ်ခဲနက်တည်းအတည်ပြုခဲ့ကြပါသည်။

## နေရာထိုင်ခင်းထိန်းသိမ်းရေးဒါရိုက်တာရှာဖွေခြင်း

နေရာထိုင်ခင်းထိန်းသိမ်းရေးဌာနအလုပ်သမားများသည်  ဒါရိုက်တာအသစ်အတွက် မေးခွန်းအချို့တို့ကို တင်ပြရန်အားပေးထားသည့် စာလွှာတစ်စောင်ကို ဇန်နဝါရီ ၂၅၊ ၂၀၁၂တွင် လက်ခံရရှိခဲ့ကြပါသည်။ အလုပ်သမားများထံမှမေးခွန်း လေးခုကိုသာလက်ခံရရှိခဲ့ပါသည်။ မေးခွန်းခေါင်းစဉ်များနှင့် ပတ်သတ်သော ကိစ္စကို ခရစ်ချယ်ရွန် (Chris Chiron) မှပြည့်စုံသောမေးခွန်းများ၊ အဖြစ်ပြန်လည်  ပြုလုပ်ပေးရမည်ဆိုသည်ကို

လက်ခံရန်အတွက် အင်ဂျလာဝူးမက် (Angela Womack)၊ မှအဆိုပြုကာ ဒေးဗစ်ဖရဲလေး (David Fraley) မှထောက်ခံပါသည်။ ဤအချက်ကို တခဲနက်တည်းထောက်ခံခဲ့ကြပါသည်။

ကော်မတီမှလျှောက်ထားသူများကို သုံးရက်အတွင်းတွေ့ဆုံမည်ဖြစ်ပါသည်။ ယင်းနေ့စွဲများမှာ ဖေဖော်ဝါရီလ ၉၊ ၂၀၁၂ ကြာသပတေးနေ့- ဖေဖော်ဝါရီလ ၁၆၊ ၂၀၁၂ ကြာသပတေးနေ့- ဖေဖော်ဝါရီလ၂၃၊ ၂၀၁၂ ကြာသပတေးနေ့ မနက်၈း၀၀ မှ ၉း၀၀နာရီအတွင်းဖြစ်ပါသည်။ လျှောက်ထားသူများကို သတ်မှတ်ထားပေးသည့်အချိန်ဇယားသည် အချိန်ကြပ်နေမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့အားလုံးသည် ဤနေ့ရက်များတွင် မနက်၇း၃၀ တွင်တွေ့ဆုံရန်အတွက် အချိန်မှီအဆင်သင့်ရှိနေမည်ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်မှ ဗာရီတာမန်ရေး (Verita Murrill) သည် ရွေးချယ်ထားသောလျှာထားခံရသူများနှင့် တွေ့ဆုံရာတွင် အဆင်သင့်ဖြစ်စေရန်အတွက် ကျွန်ုပ်တို့အားအကူအညီပေးရန် ကျွန်ုပ်တို့နှင့် တွေ့ဆုံမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့တစ်ဦးစီအားဒါရိုက်တာ၏အလုပ်နှင့်ပတ်သတ်သောဖော်ပြချက်၊ ကြီးကြပ်ရေးမှူးအတွက် တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာကျွမ်းကျင်မှုများ၊ အလုပ်မခန့်အပ်မှီစည်းမျဉ်းများ မိတ္တူတို့ကို ဝန်ထမ်းများတန်းတူအခွင့်အရေးကော်မရှင် (Equal Employment Opportunity Commission) မှပေးအပ်ထားသည့်အတိုင်း ပေးပါသည်။ ဗာရီတာ (Verita) ကတွေ့ဆုံမေးမြန်းခြင်းနှင့် အလုပ်သမားသစ်ရွေးချယ်ခြင်းခြေလှမ်းအတွင်းတွင် ခွင့်ပြုထားသော မေးမြန်းချက်များအတွက် ဥပဒေ အရအရေးကြီးသော လမ်းညွှန်ချက်များ နှင့် ခွဲခြားဆက်ဆံခြင်းကိုဆန့်ကျင်သည့် ဥပဒေများ နှင့်အညီလိုက်နာမှုပြုရာတွင် ရှောင်ကြဉ်ရမည့်အချက်များ နှင့် ဥပဒေဆိုင်ရာပြဿနာများကိုလျှော့ချရန် အစရှိသည်တို့ကိုရှင်းပြပါသည်။ လမ်းညွှန်ချက်များအတွင်းတွင် အမျိုးမျိုးသောကာကွယ်ထားသည့်အခြေအနေများ (ဥပမာ - အသက်၊ နိုင်ငံသား/မွေးရပ်၊ ဌာန၊ လူမျိုး/အသားအရေ၊ ဘာသာ၊ ကျား/မ လိင်ပိုင်းဆိုင်ရာအားသာမှု)ကို မထိခိုက်မိအောင် ရှောင်ကြဉ်နိုင်သည့်မေးခွန်းများနှင့်ပတ်သတ်၍ရှင်းလင်းစွာ ဖော်ပြထားပါသည်။

ကော်မတီမှ လျှာထားခံရသူများသို့မေးမည့် တွေ့ဆုံမေးမြန်းခြင်းမေးခွန်းများအကြမ်းဖျင်းကို ပြန်လည်ကြည့်ရှုလေ့လာခဲ့ပါသည်။ မေးခွန်းနှစ်ခုကိုထပ်ပေါင်းထည့်ကာ အသုံးအနှုန်းစကားအချို့တို့ကို လူအချို့တို့အတွက် ပြောင်းလဲ မှုပြုခဲ့ပါသည်။ ခရစ်ချယ်ရွန် (Chris Chiron) မှဤဆွေးနွေးမှုအပေါ်အခြေတည်၍ လာမည့် ကြာသပတေးနေ့ တွေ့ဆုံမေးမြန်းမှုများအတွက် ပြုပြင်မှုများပြုလုပ်ကာ အဆင်သင့်ထားရှိပေးမည်ဖြစ်ပါသည်။ ဗာရီတာ (Verita) ကကော်မတီဝင်များကို မေးခွန်းများကို အလုပ်နှင့်ဆိုင်သောဘောင်အတွင်းတွင်သာမေးမြန်းရန်သတိပေးခဲ့ပါသည်။

ကျွန်ုပ်တို့သည်မေးခွန်းများကိုနံပါတ်တပ်ကာ အဖွဲ့ဝင်တစ်ဦးလျှင်မေးခွန်းတစ်ခုစီကိုမေးစေမည်ဖြစ်ပါသည်။ သို့မှသာ သင့်မေးခွန်းကိုသင်သိရှိနိုင်မည်ဖြစ်ပြီး မည်သည့်အချိန်တွင်မေးရန်အလှည့်ကျရောက် မည်ဆိုသည်ကိုလည်းသိမည် ဖြစ်ပါသည်။ လျှာထားခံရသောသူများကို တူညီသောမေးခွန်းများ သာမေးမြန်းမည် ဖြစ်ပါသည်။

## အခြားသောကိစ္စများ

မစ္စစ် ဟော့တ် (Ms. Holt) ကနေရာထိုင်ခင်းထိန်းသိမ်းရေးရာထူး တစ်ဆယ့် နှစ် (၁၂) နေရာ နှင့် အဖွဲ့ခေါင်းဆောင်နေရာတစ် (၁) ခုတို့ကိုဖွင့်လှစ်ပေးထားကြောင်းဖော်ပြပါသည်။ ဤရာထူးနေရာများ အားလုံးသည် အဖွဲ့လိုက်သန့်ရှင်းရေးအတွက်ဖြစ်ပါသည်။

## နောက်တစ်ကြိမ်အစည်းအဝေး

နောက်တစ်ကြိမ်အစည်းအဝေးကို ဖေဖော်ဝါရီလ ၉ ရက်၊ ၂၀၁၂၊ ကြာသပတေးနေ့၊ မနက် ၇း၃၀ တွင် ချီး(ခ်)/ကလပ်(ခ) (Cheek-Clark) သင်တန်းခန်းမတွင်ပြုလုပ်မည်ဖြစ်ပါသည်။ ဒါရိုက်တာရာထူးအတွက် ရွေးချယ်လျာထားခံရသူတစ်ဦးနှင့် ကျွန်ုပ်တို့တွေ့ဆုံမည်ဖြစ်ပါသည်။